**သတင်းထုတ်ပြန်ချက်**

## ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံရှိ အစိမ်းရောင် ကုန်စည်သယ်ယူရေးနှင့်ထောက်ပံ့ပို့ဆောင်ရေးအား မြှင့်တင်နိုင်ရန် သယ်ယူပို့ဆောင်ရေးလုပ်ငန်းနယ်ပယ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

---

***ရန်ကုန်မြို့၊ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်*** – ဥရောပသမဂ္ဂ၏ ငွေကြေးထောက်ပံ့မှုဖြင့် ဆောင်ရွက်သည့် "မဲခေါင်ဒေသတွင်း ကုန်စည်သယ်ယူရေး နှင့် ထောက်ပံ့ပို့ဆောင်ရေးရေရှင်သန်မှု" စီမံကိန်းသည် စွမ်းအင်အကျိုးရှိစွာသုံးစွဲရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစီမံချက်များအားစတင်ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံရှိ အန္တရာယ်ရှိသောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှုကဏ္ဍကို များစွာမြှင့်တင်ပေးနိုင်ခဲ့ပါသည်။ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် (၃) နှစ်တာကာလအတွင်း ဒေသတွင်း ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပုံရိပ်ကို ပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ လောင်စာဆီအကျိုးရှိစွာသုံးစွဲ၍ ယာဉ်မောင်းနှင်ခြင်း၊ လောင်စာဆီ ချွေတာနိုင်မည့်နည်းလမ်းများ ချမှတ်ခြင်း၊ ထရပ်ကားများကို အဆင့်မြှင့်တင်နိုင်ရန် ဘဏ္ဍာငွေပိုမိုရရှိစေခြင်း၊ အစိမ်းရောင် ကုန်စည်အမှတ်တံဆိပ် ပေးအပ်ခြင်းနှင့် အမျိုးသားအဆင့် စီမံချက်များကဲ့သို့ဆောင်ရွက်ချက်များကို ဒေသတွင်းကုမ္ပဏီများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးဆိုင်ရာအသင်းအဖွဲ့များ၊ ဘဏ်များ၊ အစိုးရအဖွဲ့အစည်းများနှင့် နီးကပ်စွာ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂတို့မှ ကြီးမှူးကျင်းပသည့် စီမံကိန်းပိတ်သိမ်းပွဲ အခမ်းအနား၌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက "မြန်မာနိုင်ငံ၌ စီမံကိန်း လုပ်ငန်းများတွင် အသေးစားနှင့်အလတ်စား သယ်ယူပို့ဆောင်ရေးလုပ်ငန်းပေါင်း (၁၅၀) ကျော် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ရလဒ်အနေဖြင့် စီမံကိန်းတွင်ပါဝင်သောကုမ္ပဏီများ၏ လောင်စာဆီစားနှုန်းကို ကုန်ပါသောဝန်လေးထရပ်ကားများအတွက် ၁၀၀ ကီလိုမီတာလျှင် ၁၃.၂၅% နှင့် ကုန်အလွတ် ဝန်လေးထရပ်ကားများအတွက် ၁၀၀ကီလိုမီတာလျှင် ၁၆.၉၅% စီ သက်သာသွားစေကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံနယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးသဘောတူစာချုပ်ကို အကောင်အထည်ဖော်နိုင်ရန် အခြေခံအဆောက်အအုံများအား အဆင့်မြှင့်တင်ရန်၊ ယာဉ်မောင်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် အန္တရာယ်ရှိသောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးဆိုင်ရာ မူဝါဒ၊ စည်းမျဉ်းများနှင့်လုပ်ထုံးလုပ်နည်းများအား ခိုင်မာစေရန်လိုအပ်ကြောင်း၊

ယင်းနှင့် စပ်လျဉ်း၍ "မဲခေါင်ဒေသတွင်း ကုန်စည်သယ်ယူရေး နှင့် ထောက်ပံ့ပို့ဆောင်ရေးရေရှင်သန်မှု” စီမံကိန်းသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အသိပညာနှင့် စွမ်းဆောင်ရည် မြှင့်တင်မှုအတွက် အရေးပါခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန အနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ အန္တရာယ်ရှိသော ကုန်ပစ္စည်းများအား ကုန်းလမ်းဖြင့် သယ်ဆောင်ခြင်းဆိုင်ရာ ဥပရောပသမဂ္ဂ၏ သဘောတူညီချက် (ADR) အပေါ်တွင် အခြေခံ၍ အန္တရာယ်ရှိသော ကုန်ပစ္စည်းများအား ကုန်းလမ်းဖြင့်သယ်ဆောင်ခြင်းဆိုင်ရာ ညွှန်ကြားချက်(၆)စောင်ကို အောင်မြင်စွာထုတ်ပြန်ပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်းကောင်း၊ သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ကိုင်သော SMEs များ၊ သယ်ယူပို့ဆောင်ရေးအသင်းအဖွဲ့များနှင့် ဝန်ဆောင်မှုပေးသူများအကြား တွေ့မြင်ရသည့် ပူးပေါင်းဆောင်ရွက်မှုကောင်းများကိုလည်းကောင်း အထူး ကျေနပ်ဝမ်းမြောက်မိပါကြောင်း၊ ယင်းမှာ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို လွယ်ကူ ချောမွေ့စေမည်ဖြစ်ပြီး အနာဂတ်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း မြှင့်တင်ပေးရာ ရောက်စေမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုရေးရာအကြီးအကဲ Dr Johann Hesse** က “ရေရှည်တည်တံ့သော သုံးစွဲမှုနှင့်ထုတ်လုပ်မှုတို့၏အရေးပါမှုသည် ဥရောပအသိုက်အဝန်းများအကြား ၌ ခဲရာခဲဆစ်သင်ယူရရှိခဲ့သော သင်ခန်းစာတစ်ခုဖြစ်ခဲ့ပါကြောင်း၊ SWITCH-Asia ပရိုဂရမ်သည် အာရှနိုင်ငံများတွင် ဆောလျင်စွာ ဆောင်ရွက်နိုင်ရန်ကူညီပေးပြီး သို့မှသာ ရေရှည်တည်တံ့မှုသည် ၎င်းတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံသဘောတရားတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ "မဲခေါင်ဒေသတွင်း ကုန်စည်သယ်ယူရေး နှင့် ထောက်ပံ့ပို့ဆောင်ရေးရေရှင်သန်မှု” စီမံကိန်းသည် ဤရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိစေရာ၌ ကုန်းလမ်းကုန်စည်သယ်ယူ ပို့ဆောင်ရေးကဏ္ဍအား ပိုမိုဘေးကင်းစေ၍ သဘာဝပတ်ဝန်းကျင်ကို ပိုမိုအကျိုးပြုစေခြင်းဖြင့် များစွာပံ့ပိုးပေးခဲ့ပါကြောင်း" ပြောကြားခဲ့ပါသည်။

--------------------------------

**စီမံကိန်းအကြောင်း**

"မဲခေါင်ဒေသတွင်းကုန်စည်သယ်ယူရေး နှင့် ထောက်ပံ့ပို့ဆောင်ရေးရေရှင်သန်မှု" စီမံကိန်းကို အာရှတစ်လွှားရှိ ရေရှည်တည်တံ့သောသုံးစွဲမှုနှင့်ထုတ်လုပ်မှုဆိုင်ရာ စီမံကိန်းများအား ထောက်ပံ့ကူညီသည့် ဥရောပသမဂ္ဂ၏ SWITCH-Asia ပရိုဂရမ်မှ ငွေကြေး ထောက်ပံ့ပေးခြင်းဖြစ်ပါသည်။ GIZ သည် မဲခေါင်အင်စတီကျု၊ GMS FRETA နှင့် GIZ ၏ဒေသဆိုင်ရာ သယ်ယူပို့ဆောင်ရေးနှင့် ရာသီဥတုပြောင်းလဲမှုရေးရာစီမံကိန်း တို့နှင့် အနီးကပ် ပူးပေါင်းပြီး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်သည့် ဦးဆောင်အဖွဲ့အစည်းဖြစ်ပါသည်။ စီမံကိန်းကာလမှာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအထိဖြစ်ပါသည်။ စီမံကိန်း၏ ရည်မှန်းချက်မှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ အနည်းဆုံး SMEs (၅၀၀)တို့၏ ကုန်စည်သယ်ယူရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ရေရှင်သန်မှုကို မြှင့်တင် ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

**SWITCH-Asia အကြောင်း**

လွန်ခဲ့သောဆယ်စုနှစ်အတွင်း ယူရိုသန်း (၃၀၀) နီးပါး ငွေကြေးထောက်ပံ့ပေးမှုနှင့်အတူ SWITCH-Asia သည် ဥရောပသမဂ္ဂမှ အထောက်အပံ့ပြုသည့် ရေရှည်တည်တံ့သော သုံးစွဲမှုနှင့်ထုတ်လုပ်မှု (SCP) ဆိုင်ရာ အကြီးမားဆုံး ပရိုဂရမ်ဖြစ်ပါသည်။ ၎င်းတွင် ယာယီပူးပေါင်း ဆောင်ရွက်ပေးသော အဖွဲ့အစည်းများ ဖြစ်ကြသည့် GIZ ၊ adelphi နှင့် the Institute for Global Environmental Strategies (IGES) တို့မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် SCP Facility ၊ UN Environment မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် the Regional Policy Advocacy Component နှင့် နိုင်ငံပေါင်း (၁၉) နိုင်ငံရှိ စီမံကိန်း (၁၀၆) ခုကို အထောက်အပံ့ပြုပေးသည့် ချေးငွေဆိုင်ရာပရိုဂရမ်များဟူ၍ အပိုင်း (၃)ပိုင်း ပါဝင်ပါသည်။

**GIZ အကြောင်း**

"Deutsche Gesellschaftfür Internationale Zusammenarbeit (GIZ) GmbH ' "ဂျာမနီနှင့်ပူးပေါင်းဆောင်ရွက်မှု"သည် ဂျာမနီအစိုးရ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၎င်းသည် ရေရှည်ဖွံ့ဖြိုး တိုးတက်မှုအတွက် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်သည့်ကဏ္ဍတွင် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း ဖြစ်ပါသည်။ GIZ သည် ဂျာမနီနှင့် နိုင်ငံရပ်ခြားမှ အခြားသော အစိုးရနှင့်ပုဂ္ဂလိက clients များကိုယ်စား အလုပ်လုပ်ကိုင်ပေးခြင်းဖြစ်ပါသည်။ ၎င်းတို့တွင် အခြားနိုင်ငံများမှ အစိုးရများ၊ ဥရောပသမဂ္ဂဆိုင်ရာ

Institution များ၊ UN နှင့် အခြားသော အလှူရှင် အဖွဲ့အစည်းများ ပါဝင်ပါသည်။ GIZ ၏ တရားဝင်မှတ်ပုံတင်ထားသောရုံးများသည် Bonn နှင့် Eschborn တို့တွင် ရှိပါသည်။ ၂၀၁၇ ခုနှစ်တွင် မိမိတို့အနေဖြင့် လုပ်ငန်းပမာဏ ယူရို (၂.၆) ဘီလီယံ နီးပါးကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ မိမိတို့၏ လုပ်သား (၁၉၅၀၆) ဦးသည် နိုင်ငံပေါင်း (၁၂၀) ခန့်တွင် အလုပ်လုပ်ကိုင်ကြပြီး ယင်းတို့အနက် ၇၀% သည် သက်ဆိုင်ရာနိုင်ငံများမှ နိုင်ငံသားအမှုထမ်းများ ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက www.giz.de တွင် ဝင်ရောက် လေ့လာနိုင်ပါသည်။

**အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်။ ။**


Mr. HenrikWichmann, Portfolio Manager, GIZ

Tel: +95 1 230 55 50 Mobile: +95 9 760 899 081

E-mail: henrik.wichmann@giz.de